# ပဲခူးရိုးမ ဒေသ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျော့ကျစေခြင်း စီမံကိန်း

# မြောက်ဇာမရီ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျော့ကျစေခြင်း စီမံကိန်း

ဤစာတမ်းအား Terra Global Capital, LLC 220 Montgomery St. Suite 1109, San Francisco CA 94104 မှ ရေးသားပြုစုသည်။

| | |
|---|---|
| စီမံကိန်းအမည် | ပဲခူးရိုးမဒေသ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျော့ကျစေခြင်း စီမံကိန်း |
| Version | Version ၀-၁ |
| ရေးသားထုတ်ဝေသည့် ရက်စွဲ | *DD-Month-YYYY this version of the document issued* |
| စီမံကိန်းဧရိယာ | ပဲခူးရိုးမ ဒေသ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် |
| စီမံကိန်းတွင် ပါဝင်သည့် အဖွဲ့အစည်းများ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာန နှင့် Terra Global Capital |
| ပြုစုရေးသားသူ | Terra Global Capital |
| Validation Body | *Organization and contact name with email address and phone number* |
| စီမံကိန်းကာလ | ၂၀၁၆ ခုနှစ်၊ ဇွန်လ (၃) ရက်နေ့မှ ၂၀၄၆ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့အထိ |
| GHG ထုတ်လွှတ်မှု ပမာဏ စာရင်းကောက်ယူခြင်း ကာလ | ၂၀၁၆ ခုနှစ်၊ ဇွန်လ (၃) ရက်နေ့မှ ၂၀၄၆ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့အထိ |
| CCB အခြေအနေ နောက်ခံသမိုင်း | N/A |
| ရွှေအဆင့် သတ်မှတ်ချက်စံနှုန်းများ | ရာသီဥတု၊ အဖွဲ့အစည်းနှင့် ဇီဝမျိုးစုံမျိုးကွဲ ရွှေအဆင့် စံနှုန်း သတ်မှတ်ချက်များ |
| ခန့်မှန်းအတည်ပြု အချိန်ဇယား | ၂၀၁၉ ခုနှစ်၊ ဧပြီလ |

# ၁. စီမံကိန်းအကြောင်းအရာ အကျဉ်းချုပ်

မြောက်ဇာမရီ REDD+ စီမံကိန်းကို မြန်မာနိုင်ငံအလယ်ပိုင်းရှိ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးရိုးမတွင် အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီးသည် တည်နေရာအားဖြင့် နိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်နှင့် အစိုးရဌာနများ ရုံးစိုက်တည်ရှိရာ မြို့တော် နေပြည်တော်တို့၏ ကြားတွင် တည်ရှိသည်။ ပဲခူးရိုးမဒေသတွင် မြောက်ဇာမရီ ကြိုးဝိုင်းတောသည် ဇီဝမျိုးစုံမျိုးကွဲ ပေါကြွယ်ဝသည့် နောက်ဆုံးခံတပ်တစ်ခု ဖြစ်သော်လည်း လွန်ခဲ့သော ရာစုနှစ်ပေါင်း များစွာကပင် စည်းမဲ့ကမ်းမဲ့ သစ်အလွန်အကျွံ ထုတ်ယူမှုဒဏ်ကို ကြုံတွေ့ခံစားနေရသော ဒေသတစ်ခု ဖြစ်သည်။ သို့ဖြစ်ပါ၍ အဆိုပါ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် ယခု REDD+ စီမံကိန်းသည် မြောက်ဇာမရီကြိုးဝိုင်းအား ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ် လုပ်ဆောင်ခြင်း ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် ၎င်းကြိုးဝိုင်းတောကို တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် တရားဝင် ဖွဲ့စည်းခဲ့သော်လည်း မြန်မာ့ဒီမိုကရေစီအသွင် ကူးပြောင်းလာခြင်း နှင့်အတူ မြန်မာ့စီးပွားရေး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတတ်လာမှုကြောင့် သစ်တောပြုန်းတီးမှုကိုလည်း တွေ့ရှိနေရဆဲပင် ဖြစ်သည်။ ထို့ကြောင့် ယင်းဒေသတွင် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်လာစေရန် ရည်ရွယ်၍ မြောက်ဇာမရီ REDD+ စီမံကိန်းအနေဖြင့် သစ်တောပြုန်းတီးမှုကို လျှော့ချခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်း ကာကွယ်ခြင်းနှင့် ဒေသခံပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေခြင်း အစရှိသည့် လုပ်ငန်းများကို အဓိကထား အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

ရေရှည်တွင် မျှော်မှန်းထားသည့်အတိုင်း ရာသီဥတုအပေါ် အကျိုးသက်ရောက်မှုရလဒ်များကို ရရှိလာစေရန်အတွက် အချိန်ကာလ အပိုင်းအခြားအလိုက် မျှော်မှန်းရလဒ်များ လေ့လာဆန်းစစ်ခြင်းကို အခြေခံ၍ စီမံကိန်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ အကောင်အထည် ဖော်ဆောင်မည့် အသေးစိတ် စီမံကိန်းလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

- ❖ ဒေသခံပြည်သူများ၏ အသိပညာတိုးတက်မြင့်မားလာစေခြင်း၊
- ❖ စီမံကိန်းဒေသတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့် အဆိုပါလုပ်ငန်း တရားဝင် လုပ်ကိုင်ခွင့် ရရှိအောင် ကူညီထောက်ပံ့ပေးခြင်း၊
- ❖ နယ်နမိတ်သတ်မှတ်၍ နှစ်စဉ်ပြုပြင်ထိန်းသိမ်းလုပ်ကိုင်ခြင်းဖြင့် ပိုင်ဆိုင်ခွင့် ပိုမိုခိုင်မာလာစေရန် ကူညီဆောင်ရွက်ပေးခြင်း၊
- ❖ ဝန်ထမ်းအင်အားနှင့် ထောက်ပံ့မှု အလုံအလောက်ပေးအပ်ပြီး ကင်းလှည့်စစ်ဆေးခြင်းအားဖြင့် စီမံကိန်းဧရိယာ ထိန်းသိမ်း ကာကွယ်မှု ပိုမိုအားကောင်းလာစေခြင်း၊
- ❖ စီမံကိန်းဧရိယာတွင် ပိုမိုကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုကို ကူညီဖော်ဆောင် ပေးခြင်း၊
- ❖ ထင်းသုံးစွဲမှု လျှော့ချပြီး ပြန်လည်ပြည့်ဖြိုးမြဲ အရင်းအမြစ်များ တိုးမြှင့် ထောက်ပံ့ပေးခြင်း၊

- ❖ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို အခြေခံ၍ ဒေသခံပြည်သူများ၏ ဝင်ငွေ တိုးပွားလာစေခြင်း၊
- ❖ သစ်တောသစ်ပင်များ စိုက်ပျိုးခြင်း၊
- ❖ စွမ်းအားမြင့် မီးဖိုများ ဖြန့်ဝေခြင်း၊
- ❖ ကျေးရွာသုံး ထင်းစိုက်ခင်းများ တည်ထောင်ခြင်း တို့ဖြစ်ပါသည်။

အထက်ဖော်ပြပါ စီမံကိန်းလုပ်ငန်းစဉ်များသည် ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်း ၊ မီးသွေးဖုတ်ခြင်း၊ တရားမဝင်သစ်ထုတ်ခြင်းနှင့် ထင်းလောင်စာစုဆောင်းခြင်း အပါအဝင် သစ်တော ပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းကို ဖြစ်စေသော အဓိက အကြောင်းအရင်း များကို ဖြေရှင်းရန် ရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်သည်။

ရာသီဥတု၊ ဒေသခံအစုအဖွဲ့နှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ရည်ရွယ်ချက်များ ပြည့်မြောက်စေရန် အကောင်အထည်ဖော်ရာတွင် ဝင်ငွေရရှိစေရန် မြောက်ဇာမရီ REDD+ စီမံကိန်း၏ ရာသီဥတု အခန်းကဏ္ဍ အနေဖြင့် ထုတ်လွှတ်မှုလျော့ချခြင်းကို လုပ်ဆောင်သွားမည် ဖြစ်သည်။ စီမံကိန်း၏ အဓိကရည်ရွယ်ချက် တွင် ပါဝင်သော အပိုင်း (၃) ပိုင်းမှာ_

- ❖ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းကို ဖြစ်စေသော မြေအသုံးချမှု များမှ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု လျော့ချခြင်းအားဖြင့် ရာသီဥတုပြောင်းလဲခြင်းကို လျော့နည်းသက်သာစေခြင်း၊
- ❖ ဒေသခံများ မြေအသုံးချပိုင်ခွင့် အားကောင်းလာစေခြင်းနှင့် အခြားအသက်မွေးဝမ်းကြောင်းမှု လုပ်ငန်းများနှင့် ကာဗွန်ဈေးကွက်မှ ငွေကြေးရရှိခြင်းမှတဆင့် ဒေသခံများ (အထူးသဖြင့် အမျိုးသမီးများနှင့် ထိခိုက်လွယ်သောအုပ်စုများ)၏ အသက်မွေးဝမ်းကြောင်းမှုကို မြှင့်တင် ပေးခြင်း နှင့်
- ❖ လက်ရှိသစ်တောများနှင့် ဂေဟစနစ်များကို ကာကွယ်ခြင်းအားဖြင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းခြင်း

စသည်တို့ ဖြစ်သည်။

| | |
|---|---|
| **စုစုပေါင်းခန့်မှန်း ထုတ်လွှတ်မှု လျော့ချခြင်း [tCO2e]** | ၇,၁၅၁,၈၉၇ |
| **Credit နှစ် အရေအတွက်** | ၃၀ |
| **နှစ်စဉ် ပျှမ်းမျှ ထုတ်လွှတ်မှု လျော့ချခြင်း [tCO2e yr-1]** | ၂၃၈,၃၉၇ |

## ၂. စီမံကိန်းဆက်သွယ်ချက်

စီမံကိန်းကာလတလျှောက် စီမံကိန်းဒေသအတွင်းရှိ ဒေသခံပြည်သူများနှင့် ဆက်စပ်ပါဝင်သူများကို ဆက်သွယ်ဆောင်ရွက်ရာတွင် တရားဝင်ရုံးသုံးမှတ်တမ်းမှတ်ရာများ ထားရှိ၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် သီးသန့်ဖွဲ့စည်းထားသည့် အဖွဲ့ (PMU) မှ ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီမံကိန်းနှင့် စောင့်ကြည့်မှတ်တမ်းများအတွက် စီမံကိန်းစီစဉ်ဆောင်ရွက်သည့်ယူနစ်မှ

(၁) စီမံကိန်း စာရွက်စာတမ်း (သို့) စောင့်ကြည့်မှတ်တမ်း

(၂) စီမံကိန်းဆက်သွယ်ရေး

(၃) မကျေနပ်ချက်နှင့် နစ်နာမှု အတွက် အလျော်ပေးခြင်း နှင့်

(၄) စောင့်ကြည့်မှတ်တမ်းတင်ခြင်းများကို မြန်မာဘာသာဖြင့် ထားရှိ၍ PMU မှ ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၎င်းအကျဉ်းချုပ်အချက်အလက်များကို စီမံကိန်းဒေသရှိ ရွာများမှ ရွာအကြီးအကဲများထံ ပေးဝေထားမည်ဖြစ်ပါသည်။ စီမံကိန်း မှတ်တမ်း မှတ်ရာများနှင့် ပထမအကြိမ် စောင့်ကြည့်စစ်ဆေးသည့် မှတ်တမ်းအတွက် PMU မှ စီမံကိန်း မှတ်တမ်းတွင်ပါရှိသော အခန်းကဏ္ဍအလိုက် စီမံကိန်း အကြောင်းအရာများကို နားလည်သဘောပေါက်စေရန် ဆွေးနွေးပွဲများကို ကျင်းပဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဆွေးနွေးပွဲများ ဆောင်ရွက်ကျင်းပရာတွင် စီမံကိန်းဒေသရှိ ရွာအသီးသီးမှ ဆွေးနွေးပွဲကျင်းပရန် လွယ်ကူအဆင်ပြေသော ရွာတရွာတည်းတွင် ရွာအုပ်စုအလိုက် အသီးသီး လာရောက်စုစည်းစေ၍ ကျင်းပ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အုပ်စုဖွဲ့ဆွေးနွေးစဉ်တွင် PMU မှ တတိယအဖွဲ့အစည်း (Thirt Party) သည် ၂၀၁၉ ခုနှစ် ဧပြီလတွင် ဒေသခံများဆီသို့ လာရောက်၍ စစ်ဆေးသွာမည်ဖြစ်ပါကြောင်းလည်း သတင်းပေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဒေသခံများမှလည်း ပဲခူးရိုးမဒေသရှိ မြောက်စာမရီစီမံကိန်းနှင့်ပတ်သက်၍ ၎င်းတို့၏ အတွေ့အကြုံများကို ပွင့်လင်းစွာ တင်ပြခွင့် ရရှိမည်ဖြစ်ပြီး VVB နှင့်လည်း တိုက်ရိုက်ဆက်သွယ် ပြောဆိုဆောင်ရွက်ခွင့်ရှိမည်ဖြစ်သည်။ အကယ်၍ VVB မှ သတ်မှတ်သည့် ကာလအတွင်း လာရောက်နိုင်ခြင်း မရှိပါက PMU သည် ဒေသခံများနှင့် ဆက်စပ်ပါဝင်သူများကို အကြောင်းကြား ပေးမည် ဖြစ်ပါသည်။

## ၂.၁ စီမံကိန်းစတင်ရာတွင် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် နစ်နာချက်များ မကျေနပ်ချက်များအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း

စီမံကိန်းစတင်ရာတွင် PMU သည် မြောက်ဇာမရီ REDD+ စီမံကိန်းဒေသအတွင်းပါဝင်သော ဒေသခံများနှင့် တိုက်ရိုက် ဆက်သွယ်ဆောင်ရွက်သွားမည် ဖြစ်သည်။ PMU တွင် အဓိကဆက်သွယ်ရမည့် ပုဂ္ဂိုလ်အနေဖြင့် အမျိုးသမီးတဦးမှ ဦးဆောင်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းအတွင်းအမျိုးသမီးများ ကိုယ်တိုင်ကိုယ်ကျပါဝင်၍ အချင်းချင်း ပွင့်လင်းစွာ ပြောဆိုဆက်သွယ်နိုင်သည့်အပြင်

အမျိုးသမီးရေးရာ ပြဿနာများကိုပါ ပွင့်လင်းစွာ ဆက်သွယ် ဆောင်ရွက်သွားနိုင်မည် ဖြစ်သည်။ ရွာလူကြီးများတွင်လည်း PMU တွင် အဓိကဆက်သွယ်ရမည့်သူအား တိုက်ရိုက်ဖုန်းခေါ်ဆို၍ ၎င်းတို့၏ ပြဿနာများကို ပြောဆိုနိုင်မည် ဖြစ်သည်။ ပဲခူးတိုင်းအတွင်း REDD+ စီမံကိန်းလုပ်ငန်း ကျယ်ပြန့် လာသည်နှင့် အမျှ စီမံကိန်းနှင့် ပါတ်သက်၍ မကျေနပ်ချက်များ၊ တိုင်ကြားချက်များ၊ အားလုံးကို PMU မှ ဖြေရှင်းနိုင်ရန် ခက်ခဲမှုများရှိလာပါက သဘောထားကွဲလွဲမှု၊ အငြင်းပွားမှုများကို ပြေလည်အောင် ဖြေရှင်းပေးရန် ရိုးရာထုံးစံနည်းလမ်းများကို အသုံးပြုခြင်းဖြင့် ဖြေရှင်းဆောင်ရွက်သွားမည် ဖြစ်သည်။


## ၂.၂ ကိုယ်စားပြုပါဝင်ခြင်းမရှိသူများအကြား ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် မတရားမှုများကို ဖြေရှင်း ဆောင်ရွက်ခြင်း

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန နှင့် ကိုယ်စားပြုပါဝင်မှုမရှိသော အုပ်စုများအကြား ပွင့်လင်းစွာ ဆက်သွယ်ပြောဆိုသွားနိုင်စေရန် PMU သည် ရွာလူကြီးများ၊ ရွာသူရွာသားများနှင့် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်၍ လုပ်ဆောင်သွားမည်ဖြစ်သည်။ ဒေသခံ ပြည်သူပြည်သားများ ပူးပေါင်းပါဝင်၍ အကဲဖြတ်ခြင်း (PRAs) ဆောင်ရွက်စဉ်အတွင်း ကိုယ်စားပြု ပါဝင်မှု မရှိသော အုပ်စုများ (unrepresented groups) ကို ဆွေးနွေးပွဲများတွင် ပူးပေါင်းပါဝင်ရန် နည်းလမ်းများပါ ဖော်ထုတ်သွားမည်ဖြစ်ပါသည်။ ဒေသခံပြည်သူပြည်သားများ ပူးပေါင်းပါဝင်၍ အကဲဖြတ်ခြင်းလုပ်ငန်း အတွင်း၌ပင် ကိုယ်စားပြုပါဝင်မှုမရှိသော အုပ်စုများနှင့် အမျိုးသမီးများ ပါဝင်မည်ဖြစ်ပြီး စီမံကိန်းကာလ နောက်ပိုင်းများတွင် အမျိုးသမီးအုပ်စုများမှ ရွာသူကြီးအဆင့်နှင့် ကိုက်ညီသော အမျိုးသမီးခေါင်းဆောင်များ ရွေးချယ်တင်မြှောက်၍ ၎င်းတို့မှတဆင့် အမျိုးသမီးရေးရာ ကိစ္စများကို REDD+ စီမံကိန်းထံသို့ ဆက်သွယ် ဆောင်ရွက်ခြင်းကဲ့သို့သော အရေးပါသော အခန်းကဏ္ဍများတွင် ပါဝင်လုပ်ဆောင်သွားနိုင်ရန် ရည်ရွယ်ထားရှိပါသည်။ စီမံကိန်းစတင်သည့် ကာလတွင် စီမံကိန်းဒေသတွင်းရှိရွာအချို့ရှိ ကျေးရွာများမှ ဖွဲ့စည်းထားသော အမျိုးသမီး အုပ်စုများ ပါဝင်နေပြီး အနာဂါတ်တွင် ယင်းကဲ့သို့သော အမျိုးသမီးအုပ်စုများ အား ကျေးရွာတိုင်းတွင် ထားရှိရန် စီမံကိန်းမှ ရည်ရွယ်ထားရှိပါသည်။


## ၂.၃ ဆက်သွယ်ရေး ပုံစံပြကားချပ်

ပဲခူးတိုင်းဒေသအတွင်းရှိ REDD+ စီမံကိန်းမှတ်တမ်းများနှင့် နစ်နာချက်များတိုင်ကြားမှု အစီအစဉ်များအတွက် ဆက်သွယ်မှုများနောက်တွင် ရိုးရာဓလေ့များအတိုင်း ဆက်သွယ်ဆောင်ရွက်ခြင်း နှင့် အငြင်းပွားမှုများ ဖြေရှင်းခြင်းတို့ ပူးတွဲပါရှိမည်ဖြစ်သည်။ ပုံမှန်လုပ်ရိုးလုပ်စဉ် ဓလေ့များအတိုင်း ဆောင်ရွက်သည့် ဆက်သွယ်ရေးလမ်းကြောင်းကို ပုံ (၁) တွင် ဖော်ပြထားပြီး ဆက်သွယ်ဆောင်ရွက် ခြင်းနှင့် အငြင်းပွားမှုများ၊ ပဋိပက္ခများ ဖြေရှင်းရန်အတွက် ပုံမှန်အစဉ်အလာ (သမရိုးကျ နှင့်

လွတ်လပ်စွာ ပြောဆိုနိုင်မှု) လူ့ဖွဲ့စည်းပုံကို သရုပ်ဖော်ပြသထားခြင်းဖြစ်သည်။ လူမှုရေးပြဿနာများ ဖြစ်ပွားလာပါက မြို့နယ်အဆင့် တရားရုံးများတွင် ဖြေရှင်းဆောင်ရွက်ရပါသည်။ လုပ်ထုံးလုပ်စဉ် ဆက်သွယ်ရေး လမ်းကြောင်းများနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ ဝန်ထမ်းများ၏ ရာထူးအဆင့်ဆင့် နှင့် ဒေသခံများမှ ဝန်ထမ်းများကို မည်သို့ဆက်သွယ် ရမည်တို့ကို ပုံ (၂) တွင် ပြသထားပါသည်။ REDD+ စီမံကိန်းအတွက် ဆက်သွယ်မှုအများစုကို အစိုးရမြို့နယ် ရုံးအဆင့်ရှိ ဦးစီးအရာရှိ မှတဆင့် PMU မှ လုပ်ဆောင်သွားမည်ဖြစ်သည်။




*ပုံ (၁). ဒေသခံနှင့် ဆက်စပ်ပါဝင်သူများ: ရွာသူ/သားများနှင့် ပဲခူးခရိုင်အကြား ဆက်သွယ်ဆောင်ရွက်မှု လုပ်ငန်းအဆင့်ဆင့်ပြဌာန်းမှု*




*ပုံ(၂). ဒေသခံပြည်သူများနှင့် ဆက်သွယ်ဆောင်ရွက်မည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ ဝန်ထမ်းဖွဲ့စည်းပုံဇယား*

# ၃. နစ်နာမှုများနှင့် ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်

## ၃.၁ စီမံကိန်းအစတွင် ပြင်ဆင်ခြင်းနှင့် ဆက်သွယ်မှုများ

စီမံကိန်းအစတွင် PMU သည် မြောက်ဇာမရီ REDD+ စီမံကိန်းတွင် ပါဝင်သည့် ဒေသခံပြည်သူတို့နှင့် တိုက်ရိုက်ဆက်သွယ်မှုများ ပြုလုပ်ပါသည်။ ဒေသခံများနှင့် ဆက်သွယ်နေသည့် PMU အဖွဲ့ဝင်မှာ အမျိုးသမီးဖြစ်သည့်အတွက် စီမံကိန်းဧရိယာအတွင်းရှိ အမျိုးသမီးများ၏ စီမံကိန်းလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်မှု၊ ၎င်းတို့နှင့် ပတ်သတ်သည့် ကိစ္စအမျိုးမျိုးကို ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆက်သွယ်နိုင်မှု ရှိပါသည်။ စီမံကိန်းဒေသရှိ ရွာလူကြီးများသည်လည်း ဖြစ်ပေါ်သည့် ပြဿနာများကို စီမံကိန်းတာဝန်ခံထံသို့ ဖုန်းဖြင့် တိုက်ရိုက် ဆက်သွယ်ပြောကြားနိုင်သည်။ သို့သော် REDD+ စီမံကိန်းသည် ကြီးထွားလာသည် ဖြစ်သည့်အတွက် PMU အဖွဲ့အနေဖြင့် စီမံကိန်းနှင့် ပတ်သတ်သည့် နစ်နာမှု အားလုံးကို သိရှိနိုင်မှုမရှိနိုင်သည့်အတွက် ၎င်းဒေသတွင်ရှိသည့် သမရိုးကျဖြစ်သည့် ပြဿနာ ဖြေရှင်းနည်းများကို အသုံးပြုရပါလိမ့်မည်။

## ၃.၂ နစ်နာမှုများနှင့် တရားဝင်ဖြေရှင်းမှု လုပ်ငန်းစဉ်

နစ်နာမှုများနှင့် တရားဝင်ဖြေရှင်းမှုလုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံတွင် ဒေသခံပြည်သူတို့က ၎င်းတို့ကြုံတွေ့နေရသည့် ပြဿနာများကို ဖြေရှင်းနေသည့် လက်ရှိနည်းလမ်းများအတိုင်း လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ဒေသခံပြည်သူတို့၏ လက်ရှိ ပြဿနာဖြေရှင်းနည်းများကို အခန်း(၂)

စီမံကိန်းဆက်သွယ်ခြင်းတွင် ဖော်ပြထားပါသည်။ ပဲခူးတိုင်း REDD+ စီမံကိန်း ကြီးထွားလာသည်နှင့် အမျှ လိုက်နာလုပ်ဆောင်ရမည်တို့ကို အောက်တွင်ဖော်ပြထားပါသည်။

(၁) **ရွာသားတစ်ဦးဦးသည် စီမံကိန်းနှင့်သော်လည်းကောင်း သစ်တောဝန်ထမ်းနှင့်သော်လည်းကောင်း ပြဿနာရှိနိုင်သည်။**

(က) ရွာသားများနှင့်တောခေါင်း၊တောကြပ်တို့သည်နေ့စဉ်ထိတွေ့ဆက်ဆံနေရသည်ဖြစ်သည်။

(ခ) ၎င်းသစ်တောဝန်ထမ်းများသည် မြောက်ဇာမရီတောကို ကာကွယ်ရန်နှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် လိုအပ်သည့်အကြောင်းအရာများကို ဒေသခံရွာသားများကို အသိပေး အကြောင်းကြားရမည်ဖြစ်ပါသည်။

*(ဂ) တောခေါင်းနှင့် တောကြပ်တို့သည် ရွာသားများကြုံတွေ့နေရသည့် ပြဿနာများကို တစ်နေ့အတွင်း စုံစမ်းဖြေရှင်းသင့်ပါသည်။ ထိုသို့မဖြေရှင်းနိုင်ပါက ထိုပြဿနာကို မဖြေရှင်းနိုင်ဟုယူဆရပါသည်။*

(ဃ) ရွာသားများသည် ၎င်းတို့ရင်ဆိုင်နေရသည့် ပြဿနာများကို တောခေါင်း၊ တောကြပ်များနှင့် မဖြေရှင်းနိုင်ပါက ထိုပြဿနာကို ရွာသူကြီးစီသို့ အသိပေးပြောကြားနိုင်ပါသည်။

(၂) **ရွာသားသည် ၎င်းတို့ပြဿနာကို ၎င်းတို့ရွာသူကြီးထံသို့ ပြောကြားခြင်း**

(က) ရွာသူကြီးသည် ထိုပြဿနာကိုဖြေရှင်းရန် တောအုပ်နှင့် တိုင်ပင်ဆွေးနွေးသည်။

*(ခ) ထိုတောအုပ်သည် ၎င်းပြဿနာကို တစ်ရက်အတွင်းစုံစမ်းဖြေရှင်းသင့်သည်။ ထိုသို့မဟုတ်ပါက ထိုပြဿနာကို မဖြေရှင်းနိုင်ဟုယူဆရပါသည်။*

(ဂ) ထိုကဲ့သို့ထပ်မံမဖြေရှင်းနိုင်ပါက အုပ်ချုပ်ရေးမှူးထံသို့ အကြောင်းကြားရပါသည်။

(၃) **ရွာသူကြီးသည် ထိုပြဿနာကို အုပ်ချုပ်ရေးမှူးထံသို့ ပြောကြားခြင်း**

(က) အုပ်ချုပ်ရေးမှူးသည် တောအုပ်ကြီးနှင့် တိုင်ပင်ဆက်သွယ်ဆွေးနွေး ဖြေရှင်းသည်။

*(ခ) တောအုပ်ကြီးသည် ထိုပြဿနာကို တစ်ပတ်အတွင်း စုံစမ်းဖြေရှင်းသင့်ပါသည်။ ထိုသို့မဟုတ်ပါက ထိုပြဿနာကို မဖြေရှင်းနိုင်ဟုယူဆရပါသည်။*

(ဂ) ပြဿနာကိုထပ်မံမဖြေရှင်းနိုင်ပါက မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ တင်ပို့ရပါသည်။

(၄) **မြို့နယ်အုပ်ချုပ်ရေးမှူးသည် ဦးစီးအရာရှိနှင့် တိုင်ပင်ဆွေးနွေးဖြေရှင်းခြင်း**

(က) ပုံမှန်အားဖြင့် ပြဿနာအားလုံးသည် မြို့နယ်အဆင့်တွင် ဖြေရှင်းနိုင်ကြပါသည်။

(ခ) မြို့နယ်အုပ်ချုပ်ရေးမှူးသည် ပြဿနာအားလုံးကို ဖြေရှင်းရန် ဦးစီးအရာရှိနှင့် တိုင်ပင်ဆွေးနွေး ပါသည်။ ထိုဦးစီးအရာရှိသည် PMU, RMU တို့နှင့် ဆက်သွယ်လုပ်ဆောင်နေသည့်၊ REDD+ စီမံကိန်း၏ အလွန်အရေးပါသည့်သူဖြစ်ပါသည်။

*(ဂ) ဦးစီးအရာရှိသည် ထိုပြဿနာကို တစ်လအတွင်းစုံစမ်းဖြေရှင်းသင့်ပါသည်။ ထိုသို့မဟုတ်ပါက ထိုပြဿနာကို မဖြေရှင်းနိုင်ဟုယူဆရပါသည်။*

(ဃ) ထိုပြဿနာကို မြို့နယ်အဆင့်တွင် မဖြေရှင်းနိုင်ပါက တရားရုံးတွင် ဥပဒေအရ ဖြေရှင်းနိုင်ပါသည်။ တရားရုံးသည် မြို့နယ်အဆင့်တွင် လုပ်ဆောင်ပါသည်။

(င) ထို့အပြင် မြို့နယ်အဆင့်သို့ရောက်ရှိလာသည့် မည်သည့် ပြဿနာကိုမဆို PMU နှင့် RMU တို့လည်း သိရှိမည်ဖြစ်ပါသည်။

**(၅) နစ်နာမှုများနှင့် ပြင်ဆင်ဖြေရှင်းမှု လုပ်ငန်းစဉ်များတွင် RMU နှင့် PMU ပါဝင်လာသည့်အချိန်တွင်**

(က) ပုံမှန်အားဖြင့် ပြဿနာအားလုံးကို မြို့နယ်အဆင့်တွင် တရားရုံး၌ ဖြေရှင်းပါသည်။ မြို့နယ်အဆင့်တွင် ဖြေရှင်းမရသည့် ပြဿနာများရှိပါက PMU နှင့် RMU သို့ တိုက်ရိုက်ဆက်သွယ် ဖြေရှင်းနိုင်ပါသည်။

(ခ) PMU နှင့် RMU တို့သည် တစ်နှစ်လျှင် နှစ်ကြိမ်တွေ့ဆုံ၍ မြို့နယ်တရားရုံးသို့ ရောက်ရှိလာသည့် မည်သည့် ပြဿနာကိုမဆို ဆွေးနွေးတိုင်ပင် ဖြေရှင်းကြပါသည်။ မြို့နယ်အဆင့်သို့ ရောက်ရှိလာသည့် REDD+နှင့်သက်ဆိုင်သော ပြဿနာအားလုံးကို လက်ထောက်ညွှန်ကြားရေးမှူး နှင့် တိုင်းဒေသကြီး အကြီးအကဲထံသို့ စာရေး၍ တင်ပြပါသည်။

(ဂ) မဖြေရှင်းရသေးသော ထူးခြားသည့် ပြဿနာများနှင့် ပါဝင်လုပ်ကိုင်သူ(stakeholders) တို့အနေဖြင့် ၎င်းတို့၏ ပြဿနာများကို မမျှတစွာဆုံးဖြတ်သည်ဟုယူဆသော ပြဿနာများကို နှစ်ဝက်အစည်း အဝေးတွင် တိုင်ပင်ဆွေးနွေးကြပါလိမ့်မည်။

(ဃ) မြို့နယ်တရားရုံးကိုကျော်လွန်၍ ရောက်ရှိလာသည့် ပြဿနာအားလုံးကို ၆ လအတွင်း ဖြေရှင်းသင့် ပါသည်။

## ၃.၃ နစ်နာမှုများနှင့် ပြင်ဆင်ဖြေရှင်းခြင်းတို့တွင် အမျိုးသမီးအုပ်စုများ၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံတွင် ရွာလူကြီးနှင့် အုပ်ချုပ်ရေးမှူးတို့ကို ရွာတွင် အားအကိုးရဆုံး ပြဿနာအဖြေရှင်းနိုင်ဆုံးသော သူကို အများဆန္ဒအရ ရွေးချယ်တင်မြှောက် ကြသည်။ ထိုရာထူးများကို များသောအားဖြင့် ယောကျ်ားသားများကသာဆောင်ရွက်ကြသည်။ ရွာတစ်ရွာခြင်းစီတွင် ယေဘုယျအားဖြင့် အမျိုးသမီးအုပ်စုဟူ၍ ရှိကြပါသည်။ ၎င်းအမျိုးသမီးအုပ်စုကလည်း REDD+ စီမံကိန်းနှင့် ပတ်သတ်သည့် ပြဿနာများကို ရွာလူကြီးမှ တစ်ဆင့် အုပ်ချုပ်ရေးမှူး ထံသို့ တင်ပြကြပါလိမ့်မည်။ စီမံကိန်းအစတွင် တစ်ချို့သော ရွာများတွင် ရွာအမျိုးသမီးအုပ်စုများက PMU နှင့် တိုက်ရိုက် ဆက်သွယ်မှုများ ရှိခဲ့သော်လည်း ထိုကဲ့သို့သော အမျိုးသမီးမျိုး ရွာတိုင်းတွင်မရှိသည့်အတွက် အမျိုးသမီးများအတွက် ဆက်သွယ်ဆောင်ရွက်နိုင်မည့် နည်းလမ်း ဖော်ဆောင်ရမည်မှာ စီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင် တစ်ခု ဖြစ်လာပါသည်။

## ၃.၄ နစ်နာမှုများနှင့် ပြင်ဆင်ဖြေရှင်းခြင်းတို့တွင် အုပ်စုငယ်များ၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံတွင် ရွာသူကြီးနှင့် အုပ်ချုပ်ရေးမှူးများကို ပုံမှန်မဟုတ်သော ရွေးချယ်မှုမျိုးဖြင့် ရွေးချယ်ကြသည်။ ထို့ကြောင့် ၎င်းလူကြီးအနေဖြင့် ကိုယ်စားမပြုနိုင်သောအဖွဲ့များ၏ ပြဿနာများကို

ဂရုမပြုဘဲနေသည့် ကိစ္စမျိုး ရှိနေနိုင်ပါသည်။ မြောက်ဇာမရီ REDD+ စီမံကိန်းအတွင်းရှိ ရွာအချို့တွင် ခရစ်ယာန်ဘာသာဝင်များ နေထိုင်ကြပြီး ထိုရွာများသည် စီမံကိန်းဧရိယာအတွင်း အနည်းစုသာဖြစ်ကြသည်။ ၎င်းရွာများတွင် ခရစ်ယာန်ဘာသာဝင် ရွာလူကြီးများရှိကြပြီး ထိုသူတို့က ဖြစ်ပေါ်လာသည့် ပြဿနာများကို အုပ်ချုပ်ရေးမှူးထံသို့ တင်ပြကြသည်။ တစ်ချို့သောရွာများတွင် ဗုဒ္ဓဘာသာဝင်အများစုနှင့် ခရစ်ယာန်ဘာသာဝင်အနည်းစု စုပေါင်း နေထိုင်ကြသည့်အတွက် ခရစ်ယာန် ရွာသားများ၏ လိုအပ်ချက်များ မသိရှိနိုင်မှုများ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် လူနည်းစုများအတွက် ကောင်းမွန်သော ဆက်သွယ်မှုမျိုး ရှိရန်မှာလည်း စီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင် တစ်ခုဖြစ်ပါသည်။

## ၄. စောင့်ကြည့်လေ့လာခြင်း အကျဉ်းချုပ်

REDD+ စီမံကိန်း၏ လုပ်ငန်းများသည် စီမံကိန်းသက်တမ်းနှစ် (၃၀) အတွင်း စောင့်ကြည့် လေ့လာမည် ဖြစ်သည်။ အဓိကစောင့်ကြည့်ရမည့် အရာများမှာ REDD+ အစီအစဉ်၏ ရာသီဥတု၊ ကျေးရွာများနှင့် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ရှုထောင့်များမှ ကွင်းဆင်းအချက်အလက်များ ရယူခြင်းတို့ ပါဝင်သည်။ အောက်ပါ အချက်အလက်တိုင်းကို စီမံကိန်းစတင်ချိန်နှင့် စိစစ်အတည်ပြုခြင်း ဖြစ်စဉ်တိုင်းတွင် စောင့်ကြည့်စစ်ဆေးမည် ဖြစ်သည်။ ယင်းအတည်ပြုခြင်းဖြစ်စဉ်များ တစ်နည်းအားဖြင့် စောင့်ကြည့်ခြင်းဖြစ်စဉ်များမှာ နှစ်စဉ်မှ (၆)နှစ် တစ်ကြိမ်အတွင်း ပြီးစီးမည်ဖြစ်သည်။

ဒေသခံများပါဝင်သောစောင့်ကြည့်ခြင်းသည် စီမံကိန်းအတွက် မရှိမဖြစ် အရေးပါပါသည်။ စီမံကိန်း ဆောင်ရွက်ချက်များ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဒေသမှ စောင့်ကြည့်ခြင်းအစီအစဉ်တွင် ပါဝင်ပူးပေါင်း ဆောင်ရွက်ရန် လခစားဝန်ထမ်းနေရာသစ်များ ထပ်မံခန့်အပ်မည်။ ထိုဒေသခံ စောင့်ကြည့်သူများက ကွင်းဆင်း အကဲဖြတ်မှုများကို ကူညီလုပ်ကိုင်မည်ဖြစ်ပြီး သစ်တောနှင့် တောရိုင်းတိရစ္ဆာန်ဆိုင်ရာ စာရင်းကောက်ယူခြင်း အရည်အချင်းများ ရရှိလာမည်ဖြစ်သည်။

ယခုစီမံကိန်းသည် အုပ်စုဖွဲ့လုပ်ဆောင်သည့် စီမံကိန်းဖြစ်သည့်အပြင် မြောက်ဇာမရီ REDD+ စီမံကိန်းကို ပဲခူး REDD+ အစီအစဉ်အဖြစ် တိုးချဲ့လိုက်ပြီး လုပ်ငန်းသစ်များလည်း တိုးလာသည့် အတွက်ကြောင့် အလားတူ စောင့်ကြည့်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရမည်ဖြစ်သည်။ စီမံကိန်း စောင့်ကြည့်လေ့လာခြင်း ရလဒ်များကို စောင့်ကြည့်လေ့လာခြင်း အစီရင်ခံစာတွင် ရေးသားဖော်ပြသွားမည်ဖြစ်ပြီး စီမံကိန်းဆိုင်ရာ ဆက်သွယ်ခြင်း အပိုင်း-၂ ပါ အဆင့်များအတိုင်း စီမံကိန်းဒေသ ကျေးရွာများနှင့် အခြားသော သက်ဆိုင်သူများအား ဆက်သွယ် အသိပေးမည် ဖြစ်သည်။ ထို့ပြင် စောင့်ကြည့်လေ့လာခြင်း အစီရင်ခံစာကို CCB ဝက်ဆိုဒ် https://www.vcsprojectdatabase.org/#/ ccb-projects တွင်ရယူ ဖတ်ရှုနိုင်ပါသည်။

| စောင့်ကြည့်လေ့လာရမည့်အရာများ | စောင့်ကြည့်လေ့လာသောအချက်အလက်များ | ဖော်ပြချက် | နေရာ |
|---|---|---|---|
| ရာသီဥတု | **သယံဇာတစာရင်းကောက်ယူခြင်းနှင့် နေရာဆိုင်ရာ အချက်အလက်များ** | **သယံဇာတစာရင်းကောက်ယူခြင်း**<br>• အပင်များ၊နွယ်ပင်များ၊ဝါး၊ မြက်၊ ပင်ပျော့များနှင့် မြေဆီလွှာတွင် ကာဗွန် တိုင်းတာခြင်း<br>**နေရာဆိုင်ရာ အချက်အလက်များ**<br>• စီမံကိန်းကာလတစ်လျှောက်တွင် စီမံကိန်းကို အထောက်အကူ ပြုမည့် နေရာဆိုင်ရာ အချက်အလက်များကို သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများ (သို့)အခြားသောကျွမ်းကျင်သူများ မှ GPSကို အသုံးပြု၍ ဆောင်ရွက်ရန် လိုအပ်ပါသည်။ | မြောက်ဇာမရီဒေသ၏ အတွင်းနှင့်အပြင်ဘက် သစ်တောပေါက်ရောသော နေရာများနှင့် ရွာကဲ့သို့သော သစ်တာပေါက်ရောက်မှု မရှိသော နေရာများ<br><br>သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှဝန်ထမ်းများ (သို့) အခြားသော ကျွမ်းကျင်သူများမှ ဆောင်ရွက်ရန် |
| ကျေးရွာ အဖွဲ့အစည်း | **လူမှုဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှုများ**<br>• အိမ်ထောင်စုအလိုက် စာရင်းကောက်ယူခြင်း<br>• ကျေးရွာလူထု ပူးပေါင်း ပါဝင်သော သုံးသပ်ချက်များ | **အိမ်ထောင်စုအလိုက် စာရင်းကောက်ယူခြင်း-တစ်ဦးချင်းစီ သီးသန့် တွေ့ဆုံ၍ စာရင်းကောက်ယူခြင်း**<br>• ရင်းနှီးမှုရှိသောအခြေအနေ<br>• စာရွက်များပေါ်တွင် မှတ်တမ်းတင်ထားသော အချက်လက်များ<br>• တွက်ချက်ထားသောကျေးရွာ အဖွဲ့အစည်း၏ လက်ရှိ လိုအပ်ချက်များ<br>• စီမံကိန်းမရှိလျှင် ဖြစ်ပေါ်လာမည့် အရာများကို ဖော်ပြနေသော အချက်အလက်များ | ပဲခူးတိုင်းဒေသကြီးရှိ ကျေးရွာနှင့်ကျေးလက် အိမ်ထောင်စုများ<br><br>တတိယအဖွဲ့အစည်းများမှ ဆောင်ရွက်ရန် |

| | | | |
|---|---|---|---|
| | | • သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်း ခြင်းတို့ကို ဖြစ်ပေါ်လာစေသော အကြောင်းအရင်းများကို ရှာဖွေဖော်ထုတ်ခြင်း<br>**ကျေးရွာလူထုပူပေါင်းပါဝင်သော သုံးသပ်ချက်-အုပ်စုလိုက် ဆွေးနွေးခြင်း အခြေနေ**<br>• ပွင့်လင်းစွာဆွေးနွေးတိုင်ပင်ခြင်း<br>• ပါဝင်ဆွေးနွေးသူများသည် ကျေးရွာလူထုအတွင်း မတူညီသော အမြင်များကို ကိုယ်စားပြုပြီး လူနည်းစုဖြစ်သာ အဖွဲ့ဝင်များလည်းပါဝင်ရမည်<br>• စီမံကိန်းတွင် လူထုပါဝင်လာရန် မဟာဗျူဟာများ<br>• ကျေးရွာလူထုမှ ဖော်ထုတ်ထားသော သစ်တော ပြုန်းတီးခြင်းပြဿနာ၏ အဖြေများ<br>• စီမံကိန်းအကောင်အထည်ဖော်ခြင်းဖြင့် ဒေသ စားဝတ်နေရေးကို တိုးမြှင့်ပေးနိုင်ပုံ<br>• ကျေးရွာလူထုက အဆိုပြုသော ထိန်းသိမ်းကာကွယ်ရမည့် တန်ဖိုးမြင့်မားသောနေရာများ | |
| **ဇီဝမျိုးစုံမျိုးကွဲများ** | **ဇီဝမျိုးစုံမျိုးကွဲများ စာရင်းကောက်ယူခြင်း** | **မြောက်ဇာမရီဒေသတွင်းရှိ တောရိုင်း တိရစ္ဆာန်များနှင့် အခြားမျိုးစိတ်များကို အောက်ပါနည်းလမ်းများဖြင့် စောင့်ကြည့် လေ့လာ** | မြောက်ဇာမရီနှင့် အခြားသောသစ်တော ပေါက်ရောက်သည့်နေရာ |

| | | | |
|---|---|---|---|
| | | **ခြင်း: ကျေးရွာအဖွဲ့အစည်းတွင်း တိုင်ပင် ဆွေးနွေးခြင်း;**<br>• ကျေးရွာအဖွဲ့အစည်းများမှ သဘာဝ မျိုးစိတ်များနှင့် ၎င်းတို့၏ တည်နေရာ များ ကို ရှာဖွေဖော်ထုတ်ရန် အုပ်စုဖွဲ့ တိုင်ပင်ဆွေးနွေးခြင်း<br>• ထိန်းသိမ်းကာကွယ်ရမည့် တန်ဖိုး မြင့်မားသော နေရာများကို ဖော်ထုတ်ခြင်း<br>**ကင်မရာထောင်ချောက်များ**<br>• တောရိုင်းတိရစ္ဆာန်များ၏ ဓာတ်ပုံရိုက်ကူးရန်အတွက် ရက်သတ္တပတ်ပေါင်း များစွာ တောထဲတွင် ကင်မရာများ တပ်ဆင်ထားခဲ့ခြင်း<br>• တောထဲတွင် ကင်မရာများ တွေ့ရှိပါက ပုံစံမပျက် ထားခဲ့ရန်နှင့် ထိုကင်မရာ များမှ ရိုက်ယူသော ပုံများကြောင့် မည်သူမှ ဒုက္ခမ ရောက်စေရ<br>**ကွင်းဆင်းစာရင်းကောက်ယူခြင်း များ**<br>• သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများ (သို့) ဇီဝမျိုးစုံမျိုးကွဲ ကျွမ်းကျင်သူများပါဝင်သော အဖွဲ့များမှတောနက်သော နေရာများတွင် တောရိုင်းတိရစ္ဆာန် စောင့်ကြည့်လေ့လာခြင်းခရီး များသွားရောက်မည်ဖြစ်သည်။ | များ အထူးသဖြင့် ထိန်းသိမ်း ကာကွယ်ရမည့်တန်ဖိုး မြင့်မားသော နေရာများ<br><br>သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ(သို့)အခြား သော ကျွမ်းကျင်သူများမှ ဆောင်ရွက်ရန် |